# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥပဒေကို
# ပြင်ဆင်သည့် ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၃)

ရန်ကုန်မြို့၊ ၁၃၅၅ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေတွင် -

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (က) ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည် -

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့် ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်း တစ်ခုကို ဖွဲ့စည်းရန်၊

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ)တွင် ပါရှိသော ပြည်သူများ ဆိုသည့်စကားရပ်အစား "မိသားစု"များ ဆိုသည့်စကားကို ထည့်သွင်းရမည်၊

(ဂ) အောက်ပါကို ပုဒ်မ ၃၊ ပုဒ်မခွဲ (စ)အဖြစ် ဖြည့်စွက်ရမည် -

(စ) မိခင်၊ ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သော

အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရန်။

(ဃ) ပုဒ်မ ၇ အောက်တွင် အောက်ပါ ပုဒ်မကို ပုဒ်မ ၇-က အဖြစ် ဖြည့်စွက်ရမည် -

၇-က။ ပြည်နယ်၊ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး အသီးသီးသည် ဗဟိုကောင်စီ တွင် ရာထူးအလျောက်အဖွဲ့ဝင် ဖြစ်စေရမည်။

(င) ပုဒ်မ ၂၁ တွင်ပါရှိသော "အောက်ပါသတ်မှတ်ချက်များ" ဆိုသည့် စကားရပ်ရှေ့တွင် "လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး၊ ခွဲခြားမှု မရှိစေဘဲ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်၊

(စ) အောက်ပါကို ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) အဖြစ် ဖြည့်စွက်ရမည် -

(ဂ) ပြည်နယ်၊ တိုင်းအသီးသီးတွင် ပြည်နယ်၊ တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော စုစုပေါင်း အဖွဲ့ဝင် ၅ ဦးအထိ ပါဝင်သည့် ပြည်နယ်၊ တိုင်း ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

(ဆ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ကို ပုဒ်မခွဲ (ဃ)နှင့် (င)တို့အဖြစ် အသီးသီး ပြန်လည် အမှတ်စဉ်ရမည်၊

(ဇ) ပုဒ်မ ၃၀၊ ပုဒ်မခွဲ (က)ကို အောက်ပါ ပုဒ်မခွဲဖြင့် အစားထိုးရမည် -

(က) အမြတ်အစွန်းကို မရည်ရွယ်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရမည့် အပြင် မိမိရန်ပုံငွေဖြင့် ရပ်တည်ရမည်၊

(ဈ) ပုဒ်မ ၃၀ အောက်တွင် အောက်ပါ ပုဒ်မ ၃၀-က အဖြစ် ဖြည့်စွက်ရမည် -

၃၀-က။ဗဟိုကောင်စီသည် မိမိပိုင်နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ် ထားရှိ၍ မိခင်၊ ကလေးနှင့် မိသားစုစောင့်ရှောက်ရေးလုပ်ငန်းအတွက် တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲခွင့်ရှိသည်။